
သျှင်မ
ဘာကိုတိုင်တည်စေချင်သလဲ

ရိုးရိုးလေးဆိုရင်

ကျွန်မသူ့ကို ချစ်မိမှာ ပါ

ဒါပေမဲ့ ခုတော့ ကျွန်မမုန်းတယ်

ဆုံးမပြောပြလို့ လည်း ဘယ်တော့မှ ရလာနိုင်မယ့်

လူမျိုးမဟုတ်တဲ့ သူက လူရမ်းကား

***

ချစ်တာ ဘာဖြစ်လဲ

နုနုပဲချစ်ချစ် ကြမ်းကြမ်းပဲချစ်ချစ်

အဲဒီမိန်းမကို ကျွန်တော်ချစ်တာ

ကျွန်တော့်ကိုယ်ကျွန်တော်

သိရင် ပြီးတာပဲ ...

ချစ်ချင်နေတာကို ချစ်ပစ်လိုက်တာ သတ္တိ

နာမည်ကိုက သတ္တိကောင်းကင်လေ

***

# အပိုင်း (၁)

ခန်းဆီးအကွယ်နောက်က တစ်ပိုင်းတစ်စ မြင်လိုက်ရတဲ့ မျက်နှာကို မျက်မှောင်ကုတ်ကြည့်ရင်း မနှစ်မြို့ခြင်းက ဖြစ်တည်လာခဲ့သည် ။

ဆံပင်သည် အတုအုပ်ထားသလို အုပ်ခဲနက်မှောင်ကာ တစ်ပင်ချင်း စင်းကျနေသည် က ခါးစပ်အထိ။

ရှေးခေတ် စာဆိုတို့ ဖွဲ့သလို နက်မှောင်သန်စွမ်းသော မျက်ခုံးမွေးတို့က အဖျားရှူးကာ စင်ရော်တောင်ကဲ့သို့ အနည်းငယ်ကော့နေသည် ။

ကော့နက်ထူမည်းနေသည့် မျက်တောင်တွေကို ဆယ်ပေကျော်ကျော် အကွာလောက်ကနေ ထင်းနေအောင် မြင်ရတာ မရှုစိမ့်နိုင်တဲ့ အရာဖြစ်သည် ။

ပွခြင်း ကောက်ခြင်း ကင်း၍ စင်းကော့နေသော နှာတံ ပန်းသွေးရောင်ပြေးနေသည့် နှုတ်ခမ်းနှစ်လွှာက ဆေးဆိုးထားတာ ဖြစ်နိုင်ပေမယ့် ထောင့်ချိုးညီကာ ဖူးပြည့်နေသည် ။

ဒေါ်စိုးမြတ်ထိုက် ချာခနဲ ပစ်လှည့်လာကာ မယုကိုရှာသည် ။ မယုက ထမင်းစားခန်းထဲမှာ သံပုရာရည် ဖျော်လို့ ။

"မယု"

"ရှင် ... မမကြီး"

"အိမ်ရှေ့မှာ ထိုင်နေတာ ကောင်းကောင်း အတွက် ခေါ်ထားတယ်ဆို တဲ့ ဆရာမလား"

"ဟုတ်ပါတယ် မမကြီး"

"ဟော့ ... အိမ်ရှေ့မှာ ဧည့်သည် ထားပြီး ဒီမှာ ဘာလုပ်နေကြတာလဲ၊ အားနာစရာကွာ"

ဦးကောင်းသွင်က ရေချိုးခန်းက ထွက်လာသည့်ပုံစံနှင့် ဆံပင်တွေ ကို တဘက်နှင့်ပွတ်သုတ်၍ အခန်းထဲ လိုက်ဝင်လာသည် ။

ဒေါ်စိုးမြတ်ထိုက်က ဦးကောင်းသွင်ဘက် ဦးတည်ချက် ပြောင်းကူး ကာ

"နေပါဦး ကိုသွင် ... ရှင်ခေါ်ထားတာ စာပြဖို့ ဆရာမလား၊ ကြော်ငြာ ရိုက်ဖို့ မင်းသမီးလား"

"ဟာ ... ကွာ ... ထိုက်ကလည်း "

"တွေ့လဲတွေ့ ၊ ရှာလည်း ရှာတတ်ပါရဲ့ ... ဘယ်လိုများ ရှာလာတာ လဲ"

အစကတည်းက သူ့အပေါ်ဆို အမြဲတမ်း အကောင်းမမြင်ဝါဒနှင့် ကြ ည့်တတ်သည့် ဒေါ်စိုးမြတ်ထိုက်ကို ဦးကောင်းသွင် ရှင်းပြဖို့ လို လာပြီ မှန်း သိလိုက်၏။

"ကောင်မလေးက မိဘမျိုးရိုးလဲ သန့်တယ်၊ သိက္ခာလည်း ရှိတယ်၊ ပြီးတော့ အင်္ဂလိပ်စာ၊ သင်္ချာ ဂုဏ်ထူးနှစ်ခုနဲ့ အောင်ခဲ့လို့ အခု စီးပွားစီမံ မှာ ဒုတိယနှစ်အဝေးသင် တက်နေတယ်"

ဒေါ်စိုးမြတ်ထိုက်က နှုတ်ခမ်းမဲ့သည် ။

"သူ့ဟာသူ ဘာအရည်ချင်းတွေပဲ ရှိရှိ၊ ဒီလောက်မိုးပျံအောင် လှနေတာ ကျွန်မ သဘောမကျချင်ဘူး ကိုသွင်၊ သားကို ဆရာနဲ့ ပဲ သင်ပေးဖို့ စီစဉ်ပါ"

"ဆရာပြောင်းတာ နှစ်ယောက်ရှိပြီလေကွာ၊ မင့်သား ကလန်ကဆန် လုပ်လို့ ဘယ်ဆရာမြဲလို့ လဲ၊ ဘယ်မှာ ရော တိုးတက်လာသလဲ၊ အခုနှစ် ဝက်ကျိုးတော့မယ်၊ ဒီနှစ်ဖြေရင် သုံးနှစ်မြောက်ပြီ၊ ဒါမှ မအောင်မြင်ရင် ငါတို့ မျက်နှာတွေ ဘယ်သွားထားမလဲ"

"ဒါကတော့ ကလေးက မကြိုးစားလို့ ညံ့တာ မဟုတ်ဘူး ၊ ဟိုမိုးမြင့် ဆိုတဲ့ ကောင်လေးနဲ့ ရှင်က နိုင်းပြီး ဆူလွန်းလို့ တမင်ရွဲ့နေတာ၊ ရှင်မ သိလို့ လား"

"အေးလေ၊ ရွဲ့တာပဲဖြစ်ဖြစ်၊ စာမကျက်ချင်တာပဲဖြစ်ဖြစ်၊ ဆယ်တန်း စာမေးပွဲကို မအောင်လို့ ဖြစ်ကိုမဖြစ်ဘူး၊ ဒါကြောင့် ငါခုလိုစီစဉ်လိုက်ရ တာပဲ"

" ကျွန်မ သဘောမကျဘူး "

"ကျကျ မကျကျ၊ ငါက စီစဉ်ပြီးပြီလေ၊ အဲဒါ မင်းထွက်တွေ့ ... သူ့အ တွက် လစာတွေဘာတွေ စီစဉ်ပေး၊ မနည်းစေနဲ့ "

နောက်ထပ်စကားသံ ထွက်မလာခင် ဦးကောင်းသွင် လှည့်ထွက်လာ ခဲ့သည် ။

***

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"မင်းဆက်ပဏ္ဏာ"

"ဟင် ..."

ဒေါ်စိုးမြတ်ထိုက်က နှာခေါင်းရှုံ့သည် ။

"အိမ်မှာ တော့ ဆက်ပန်လို့ ပဲ ခေါ်ကြပါတယ်၊ အန်တီ ကြိုက်သလို ခေါ်ပါ"

ဦးကောင်းသွင်က ဇနီးဖြစ်သူကို ပြောခွင့်မပေးတော့ပဲ လည်ချောင်း တစ်ချက်ရှင်း၍ ကိုယ်ကို ခပ်မတ်မတ် ပြင်ထိုင်သည် ။

"ဒီလို သမီး ... သားက ခုတော့မရှိဘူး၊ သားနာမည်က သတ္တိကောင်း ကင်တဲ့ ၊ အန်ကယ်တို့ ကတော့ ကောင်းကောင်း လို့ ပဲ ခေါ်တယ်၊ သမီး ထက်လည်း ငယ်မယ်ထင်တယ်၊ အဲ ... မငယ်လည်း ပညာအရ သမီးက ဝါရင့်တယ်၊ သားရဲ့ ဆရာမဆိုတော့ ကောင်းကောင်း ပဲခေါ်ပါ "

ဦးကောင်းသွင်က အစချီလိုက်သည် ။

"သားက ဘယ်ဘာသာကိုမှ သိပ်ညံ့လှတယ် မဟုတ်ဘူး ၊ ဒါပေမဲ့ စာ ကျက်ပျင်းတယ်၊ စာကို ဂရုမစိုက်ဘူး၊ အပြောနည်းနည်း ရိုင်းတတ် တယ်၊ သမီးဘက်က သားရဲ့ အားနည်းချက်လေးတွေကို ထိန်းမတ်ပေး ပြီး လိုအပ်တဲ့ ဘာသာကို ဖိပေးဖို့ ပါ၊ အန်ကယ်တို့ အနေနဲ့ အကောင်း

ဆုံးကျူရှင် ဒေးကျောင်းတွေမှာ ထားနိုင်ပါတယ်၊ သားက သူခေါင်းမာပြီးရင် အနားမှာ သေပြတာတောင် လှည့်ကြည့်တတ်တဲ့ ကလေး မဟုတ်ဘူး ၊ ဘယ်ကျူရှင်မှာ မှ ထားလို့ မရဘူးကွယ်၊ ဒါကြောင့် ဆရာတွေ ပင့်ဘူးတယ်၊ တစ်ယောက်နဲ့ မှ အဆင်မပြေဘူး"

"ငါနဲ့ ရော ဖြစ်ပ့ါမလား"

ဆက်ပန် စိုးရိမ်စိတ်ဝင်လာမိသည် ။

"အဲဒါ သမီးဘက်က အတတ်နိုင်ဆုံး ကြိုးစားပေးပါ၊ လောလောဆယ် သမီးနဲ့ စာသင်ချိန် သတ်မှတ်မယ်၊ လစာနှစ်သောင်း ပေးမယ်၊ သားရဲ့ တိုးတက်မှုကို ကြည့်ပြီး တစ်ဆတစ်ဆ တိုးပေးသွားမယ်၊ အဓိကက သား ဒီနှစ်ဆယ်တန်းစာမေးပွဲ ဝင်ဖြေချင်လာဖို့ ဖြေရင် အောင်ဖို့ ပဲ"

ဒေါ်စိုးမြတ်ထိုက်က ခပ်တည်တည်ကြီး စိုက်ကြည့်နေသည် ။

ဆက်ပန် သတိမထားမိ။

ခေါင်းထဲမှာ တွေးနေတာက ဒီအလုပ်ကို လက်မခံလို့ မဖြစ်တာ၊ အဖက်ဖက်က ကျပ်တည်းနေတဲ့ အိမ်မှာ ဆက်ပန် ဝင်မကူလို့ ရကိုမရ တော့တာ ဖြစ်သည် ။

ဆေးတက္ကသိုလ် နောက်ဆုံးနှစ်တက်နေသည့် ကိုကိုမေတ္တာဆက်နိုင် ၊ ဆယ်တန်း ပထမနှစ် ကျခဲ့ပြီးသော ဒုတိယနှစ် ပြန်ဖြေရမည့် ညီမ လေး ပန်းနုလွင်။

အားလုံးဝန်ကို တစ်ယောက်တည်း ထမ်းခဲ့ရရှာတဲ့ အဖေ့ခမျာ ပိန်လှီ ချိနဲ့ ကာ ကြာလျှင် သက်တမ်းမစေ့ဘဲ အသေစော သွားနိုင်သည့်အဖြစ်။

"ဘယ့်နှယ့်လဲ သမီး၊ စာသင်ချိန်ကို သမီးဘက်က ဘယ်လိုသတ်မှတ်

ပေးနိုင်မလဲ၊ အန်ကယ်တို့ သတ်မှတ်ပေးရမလား"

"ဩော် ... ဟုတ်ကဲ့၊ ဖြစ်နိုင်မယ်ဆိုရင် စာသင်ချိန်ကို ညနေဘက်မှာ သတ်မှတ်ချင်ပါတယ်၊ မနက်ပိုင်းကျတော့ ကွန်ပျူတာစင်တာ တစ်ခုမှာ ကျွန်မ အချိန်ပိုင်းနဲ့ ဝင်လုပ်ပေးရမှာ မို့လို့ ပါ"

ဦးကောင်းသွင် မျက်ခုံးတွေ မြင့်သွားသည် ။

"ဩော် ... ဒီလိုလည်း လုပ်သေးသလား၊ ကောင်းပါတယ်၊ ဒီလို အရွယ်မှာ ပညာသင်ရင်း တစ်ဖက်က ဝင်ငွေရအောင်ရှာပြီး မိဘကို ထောက်ပံ့ပေးတာ ကောင်းတာပေါ့၊ ညနေပိုင်းဆိုလည်း ရပါတယ်၊ ထိုက်ရေ ... သူလည်း လိုအပ်တာ သုံးရအောင်၊ လစာ တစ်ဝက်ကြိုပေး လိုက်ပါ၊ လကုန်တော့ တစ်ဝက်ပေးတာပေါ့"

ဦးကောင်းသွင်ဆိုသည့် ပုဂ္ဂိုလ်ကြီးသည် ရုပ်ရည်အားဖြင့် လွန်စွာ ရည်မွန်သလောက် လူမှုရေးအရလည်း အစစနားလည် ပေးနိုင်သူ ဖြစ်ကြောင်း ဆက်ပန် အကဲခတ်လိုက်မိသည် ။

လက်ထဲရောက်လာသည့် ငွေတစ်သောင်းကို ဆုပ်ကိုင်၍ ညနေ ပန်းနုအတွက် ကျူရှင်လခပေးဖို့ စိတ်ညစ်နေသော အဖေ့မျက်နှာကို သတိရ မိလေသည် ။

ဩော် ... ငွေကလည်း လက်ထဲမှာ နွေးအောင်ကိုင်ခွင့် မရနိုင်သည့် အရာပါလား။

***

"ဘယ်လဲ ကောင်းကောင်း "

"မေမေ့ကို လိုက်ပို့မလို့ လေ"

"မပို့နဲ့ ၊ ညနေ မင်းကိုစာသင်ဖို့ ဆရာမ လာလိမ့်မယ်၊ မင်း ဘယ်မှ မသွားနဲ့ "

ကောင်း အကြောင်းရှာသလောက် ဦးကောင်းသွင်ကလည်း လျင်သည် ။

မအေ မန္တလေးသွားမည့်အရေး အကြောင်းပြကာ ကောင်းကောင်းတို့ ပေါ်မလာဇာတ်ခင်း၍ ကတော့မည်ဆိုတာ မသိဘဲ နေမလား။

"ဖေဖေကလည်း ညနေမှ လာမှာ ပဲဟာ၊ ခုမှ ..."

"တော်ပြီ ကောင်းကောင်း ၊ သားအကြောင်း ဖအေက မသိဘဲနေမလား၊ ထွက်သွားတာနဲ့ မင်းက ထင်သလိုနေတဲ့ ကောင်"

"မေမေ့ကို ပို့ပြီး .. ချက်ချင်းပြန်လာမှာ "

"ရှင်ကလည်း ... ကျွန်မ အဖော်မရှိလို့ ခေါ်တဲ့ ကိစ္စကို"

မအေက ဝင်ပြောလို့ ဆိုတဲ့ မျက်နှာထားနှင့် ဦးကောင်းသွင် ငြိမ်နေလိုက်သည် ။

အဲဒါက သိက္ခာရှိသည် လေ။

သွားဖို့ ခြေဦးလှည့်ထားပြီးသည့်လမ်း ... ကောင်းကောင်း တို့ ဘယ်တုန်းက နောက်ဆုတ်ဖူးလို့ လဲ။

ကောင်းက ဒေါ်စိုးမြတ်ထိုက်ရဲ့ သားရေအိတ်ကို ကောက်ဆွဲကာ ပြုံးထေ့ထေ့နှင့် လိုက်သွားသည်။

"မေမေ ..."

"ဟင်"

"ဖေဖေက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့ လဲ"

ကောင်းကောင်း က ကားကို ခြံထဲက ကွေ့ထွက်လိုက်သည် နှင့် မကျေလည်တာကို ရှင်းတော့သည်။

"အိမ်မှာ ဆရာမခေါ်ပြီး ကောင်းက အသုံးလုံး သင်ရမှာ လား"

ဒေါ်စိုးမြတ်ထိုက်က ပြုံးသည်။

"သင်သင့်ရင် သင်ရမှာ ပဲ၊ သားကတော့ "ဆ" သုံးလုံးပေ့ါ၊ ဆယ်တန်း သုံးနှစ်မြောက်လေ"

"ဘယ်နှနှစ်မြောက်မြောက် မေမေရာ ... ကျောင်းက ဆရာမလည်း မဟုတ်ဘဲနဲ့ ၊ မိန်းမတစ်ယောက်ကို ဆရာမ မတင်နိုင်ပါဘူး"

"သူက အင်္ဂလိပ်စာနဲ့ သင်္ချာ ဂုဏ်ထူးထွက်ထားတာ"

"ဘာဖြစ်လဲ"

"ကိုယ့်ထက်တော်ရင် ဆရာတင်ရမှာ ပေ့ါ"

"သိကြားမင်းပဲ ဆင်းသင်သင်၊ ကောင်း အောင်အောင်ဖြေမှ အောင်မှာ ၊ ကြိုပြောထားတယ်နော်၊ အဲဒီမိန်းမကို လုံးဝပဲ၊ နောက်မှ ကောင်း အဆိုးမဆိုနဲ့ "

ဒေါ်စိုးမြတ်ထိုက် သက်ပြင်းချသည် ။

သား အဲဒီစိတ် အမြဲရှိပါစေဟု ဆုတောင်းလိုက်မိသည် ။

ကိုယ့်အလိုအတိုင်းဆို သား ဆယ်တန်းအောင်အောင် မအောင်အောင် ကိုယ်မှာ ထူထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေထဲ ဆွဲထည့်ပစ်လိုက်လျှင် ပြီးရောပေ့ါ။

ခုလို ဆင်းရဲနုံချာတဲ့ ချောချောလှလှ မိန်းကလေးတစ်ယောက်နှင့် မတော်လို့ ငြိသွားလျှင် ဘယ်လိုလုပ်မလဲ။

"သား"

သားမျက်နှာကို ဘေးကနေ စေ့စေ့ကြည့်ကာ

"အခု စာသင်လာမယ့် မိန်းကလေးက သက်ကြီးပုလေးဆိုပဲ၊ လူက ခပ်နုနုနဲ့ အသက်ကကြီးလှပြီတဲ့ ၊ ဆင်းရဲလွန်းလို့ နှစ်စဉ်စာမေးပွဲ ဝင်မဖြေနိုင်ဘဲ ခုမှ ဒုတိယနှစ်ရောက်နေတာတဲ့ "

"ဒါနဲ့ များ ..."

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကို သင်ပြပေးရင် ဆရာပေ့ါ သားရယ်၊ မေမေက သားနဲ့ မတိမ်းမယိမ်းလို့ ထင်ပြီး မလေးမစား လုပ်မိမှာ စိုးလို့ သတိပေးတာ"

"ဘာမှ လေးစားဖို့က အကန့်မရှိဘူး၊ ငွေလိုချင်လို့ ဂိုက်ဝင်လုပ်တာ၊ သူ့ကို ဘယ်သူက ဆရာတင်ရမှာ လဲ၊ ပြောမနေနဲ့ မေမေရာ၊ ကောင်းက တော့ မကြည်ဘူးဆို ဆောရီးပဲ"

"မင်း ဖအေနဲ့ ပူညံပူညံ ဖြစ်နေဦးမယ်၊ မေမေ ခရီးသွားရတာ မဖြောင့်အောင် မလုပ်နဲ့ ကောင်းကောင်း "

သားကို အောင်မြင်စေချင်သည့် စိတ်ကလည်း ရှိနေပြန်သေးရာ

"ဒီတစ်ခါ သားကို မင်းအဖေ အလျှော့ပေးမှ မဟုတ်ဘူး ၊ ဘာပဲဖြစ်ဖြစ် သားအတွက်ပဲဟာ၊ စာကိုကြိုးစားလိုက်ပါ သားရယ်၊ နော် ... ဒါမှ မဟုတ်လည်း သား ကိုယ့်ဟာကိုယ် အောင်ဖို့ ကြိုးစားမယ်လို့ ဖအေကို ကတိပေးလိုက်၊ ဆရာမကို ဖြုတ်ခိုင်းလိုက်ပေါ့။ ငါ့သား ကတိပေးရင် ဖအေက လိုက်လျောမှာ ပါ "

"အဲဒီ ဆယ်တန်းအောင်ဖို့ ကို ဖေဖေ ငမ်းငမ်းတက် ဖြစ်နေတိုင်း ကောင်း ရွံ့ချင်နေတယ်၊ သူပဲ ကောင်းကို ဘာမှ အသုံးမကျတဲ့ ကောင်လို့ ပြောထားတာ"

"သားရယ် ..."

ဒေါ်စိုးမြတ်ထိုက် ဘာပြောရမှန်း မသိတော့ ...

တယ်ခက်တဲ့ ကလေးတွေပါလား။

***

လေးနာရီ ကျော်သွားပြီ။

ဆရာမဆိုတာ လာဖို့ က လေးနာရီခွဲ။

ဦးကောင်းသွင် အပေါ်ထပ်တက်သွားကာ မြင်သည် နှင့် ကောင်း ဖိနပ် ပြေးစွပ်ကာ ကပျာကယာ ငုံ့၍ ကြိုးချည်သည် ။

ဆိုင်ကယ်သော့ကို ကမန်းကတန်း ဖြုတ်ယူပြီး အခန်းထဲမှ ပြေး အထွက်။

"အား ..."

"ဟာ"

သင်းပျံ့ပျံ့ သနပ်ခါးနံ့လေး တစ်ချက်နှင့်အတူ နူးညံ့အိထွေးသော ကိုယ်လုံးလေးတစ်ခုနှင့် ပစ်ပစ်ခတ်ခတ်ကြီး တိုက်ချလိုက်မိလေသည် ။

တစ်ဖက်က ပလပ်စတစ်အိတ်ကလေး ဘုတ်ခနဲ ပြုတ်ကျကာ ကိုယ်လုံးလေးပါ လန်ထွက်သွားလျက် နံရံမှာ မှီကျသွား၏။

မူးဝေသွားပုံနှင့် မျက်လုံးလေးမှိတ်ကာ နားထင်ကို လက်နှင့် ဖိထောက်လိုက်တာ မြင်ပါလျက်နှင့် ကောင်း တောင်းပန်ဖို့ သတိမရ။

ခြေကနေခေါင်း၊ ခေါင်းကနေ ခြေဖျားထိ တစ်ပြန်၊ နှုတ်ခမ်းတို့ ပွင့်ဟကာ အပြန်ပြန် အလှန်လှန် ကြည့်သည် ။

"ဒါ ... ဒါ... ဆရာမဆိုတာလား"

သူမသိပေ။

ဆက်ပန် သူ့ကို စူးစူးရဲရဲ စိုက်ကြည့်နေသည့် တစ်ယောက်က ကောင်းကောင်း ပဲဆိုတာ ချက်ချင်းသိလိုက်၏။

ပြုံတက်လာသည့် ဒေါသတွေကို ကြိတ်မှိတ်မျိုသိပ်၍ လျှော့ကျသွားသည် နှင့် အိတ်ကို ငုံ့ကောက်လိုက်သည် ။

ကောင်းက ဖျတ်ခနဲ ကောက်ယူ၍ လှမ်းပေးသည် ။

မျက်နှာသည် အံ့ဩပြုံးပြုံခြင်းများ ပျောက်၍ စပ်ဖြဲဖြဲ

"ဆောရီးနော် ဆရာမ၊ ဆရာမကို ကျွန်တော်က နတ်သက်ကြွေလာတာလားလို့ ၊ လန့်သွားတာ၊ ဆရာမက ရက်ရက်စက်စက် ချောတယ်ဗျာ "

ချုပ်တီးထားသည့် ဒေါသက ထောင်းခနဲ ဖြစ်လာပြန်သည် ။

တော်တော်ရိုင်းတဲ့ လူ။

"ဟော ... သမီးရောက် လာပြီလား၊ လာလေ သမီး ... ကောင်းကောင်း ဘာလုပ်နေလဲ၊ ဆရာမကို ခေါ်လေ"

ကောင်းရဲ့ ခြေထောက်က ဖိနပ်ကိုလည်း မျက်နှာတင်းတင်းနှင့် တစ်ချက်ဝေ့ကြည့်ကာ ဦးကောင်းသွင်က သတိပေးသံနှင့် ဆိုသည် ။

"ဆရာမ ... ကြွပါ"

ကောင်းက တမင်ခါးကိုင်း၍ လက်နှစ်ဖက်နှင့် တရိုတသ လုပ်ပြသည် ။

ဆက်ပန် မျက်နှာတင်းနေသလို ဦးကောင်းသွင် မျက်လုံးများ လက်တောက်နေ၏။

"ဒီအခန်းမှာ သင်ရမှာ သမီး၊ ဘေးဘက်ကခြံထဲကိုလည်း မြင်ရတယ်၊ ဧည့်ခန်းကိုလည်း မြင်ရတယ်"

မှန်တစ်ဝက်နှင့် ဧည့်ခန်းကို ပိုင်းခြားထားသည့် အခန်းလေးက ကျယ်ဝန်းကာ သန့်ရှင်းနေသည် ။

ကောင်းက အသင့်ချထားပြီးသော စားပွဲပေါ်က စာအုပ်ပုံပေါ် တံတောင်တစ်ဖက်နှင့်တင်ကာ မေးထောက်၍ ပြုံးစေ့စေ့ မျက်နှာနှင့်

"ဖေဖေ ... ဆရာမနဲ့ ကောင်းကို မိတ်ဆက်ပေးဦးလေ"

ဦးကောင်းသွင်က ဒီသားကိုပဲ ဒေါသဖြစ်မဆုံး။

"သူက မင်းဆက်ပဏ္ဏာတဲ့ "

"ဟား ... တကယ့်စူပါပဲ"

"ဆက်ပန်က မိန်းကလေးပေမယ့် စီးပွားစီမံ ဒုတိယနှစ်လည်း ဖြေနေတယ်၊ ကွန်ပျူတာစင်တာမှာ လည်း အချိန်ပိုင်းနည်းပြ လုပ်တယ်၊ အခုဒီမှာ လည်း မင်းကို စာလာသင်တာ ... မိဘကို ကူညီဖော် အများကြီးရတယ်၊ သားယောကျ်ားလေးထက် အားကိုးရတဲ့ မိန်းကလေး"

ကောင်းက နောက်ဆက်တွဲ စကားတွေကို စိတ်မဝင်စား။

"ဆက်ပန်လို့ ခေါ်လို့ ရသလား .. ဒါဆို ကျွန်တော်က .. "

"ဆရာမလို့ ပဲ ခေါ်ရမှာ ပေါ့၊ မင်းကို စာသင်ပေးမယ့် ဆရာမပဲ "

ကောင်းက ခေါင်းမော့၍ ဟားခနဲ ရယ်သည် ။ ရင်ထဲမှာ ပျော်လိုက်သည့်ဖြစ်ခြင်း မင်းဆက်ပဏ္ဏာ တဲ့ ကွာ ...

ဟုတ်တယ် ခင်ဗျားဟာ ကျွန်တော့်အတွက် သိကြားမင်း ဖန်ဆင်းပို့လိုက်တဲ့ လက်ဆောင်တစ်ခုပဲ။

နှုတ်ခမ်းက အပြုံးသည် ပျောက်ပျက်ခြင်းမရှိဘဲ တွန့်ကွေးနေမိတာ ညအိပ်ရာဝင်တဲ့ ထိ မင်းဆက်ပဏ္ဏာ ခင်ဗျားကြောင့် ဒီမှာ အိပ်ရေးပျက်ပြီ။

***